# ပိုမိုကောင်းမွန်သော စိုက်ပျိုးရေး အလေ့အထများ

P. ၁၆ - ၂၃




မြန်မာ့တောင်သူဦးကြီးများသည် ရာသီဥတု ပြောင်းလဲမှုများ၏ ဆိုးကျိုးများကို အထူး ခံစားနေရလျက်ရှိပါသည်။ မြန်မာ့ဩဘာ လုပ်ငန်းစုသည် တောင်သူဦးကြီးများအနေ ဖြင့် တာဝန်ယူမှုရှိသော စိုက်ပျိုးရေးနည်းလမ်း များ ကျင့်သုံးနိုင်ရန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို အနည်းဆုံးဖြစ်စေရန်၊ သီးနှံ ထွက်နှုန်း တိုးတက်စေရန်နှင့် ရာသီဥတု ဒဏ်ခံနိုင်ပြီး လူမှုစီးပွားဘဝ ပိုမိုကောင်းမွန် လာစေရန် ထုတ်ကုန်နှင့် ဖြေရှင်းနည်းများ ကို အကြံပြုပေးလျက်ရှိပါသည်။

# ပိုမိုကောင်းမွန်သော စိုက်ပျိုးရေးအလေ့အထများ

## ပိုမိုကောင်းမွန်သောဖြေရှင်းနည်းများ ရရှိစေရန် ငွေကြေး အရင်းအနှီးများ ဆော်ဩစည်းရုံးခြင်း

၂၀၂၄ ခုနှစ်တွင် မြန်မာ့ဩဘာလုပ်ငန်းစုသည် ရန်ကုန်တိုင်းဒေသကြီးရှိ ဇီဝမြေဩဇာထုတ်လုပ်ရေးဇုန်နှင့် ရှမ်းပြည်နယ်ရှိ ပြောင်းဖူးအခြောက်ခံစက်ရုံတည်ဆောက်ရေး ပရောဂျက် ၂ ခုတွင် ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ အဆိုပါ ပရောဂျက်များသည် အောက်တွင်ဖော်ပြထားသည့်အတိုင်း စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများစွာကို ဖော်ဆောင်ပေးနိုင်ပါသည်။




*Bio Fertilizer manufacturing*



*Corn Drying Facility*

| | ဇီဝမြေဩဇာထုတ်လုပ်ငန်းစက်ရုံ | ပြောင်းဖူးအခြောက်ခံစက်ရုံ |
|---|---|---|
| လူ့အဖွဲ့အစည်း | • ဇီဝမြေဩဇာထုတ်လုပ်ရာတွင် ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ အော်ဂဲနစ်စွန့်ပစ်ပစ္စည်းများကို အသုံးပြုမည်ဖြစ်ပြီး ၎င်းသည် ဒေသခံတောင်သူဦးကြီးများနှင့် ရပ်ရွာလူထုများအတွက် အပိုဝင်ငွေအခွင့်အလမ်းများ ဖန်တီးပေးမည်ဖြစ်သည်။<br>• မြန်မာ့ဩဘာလုပ်ငန်းစု၏ စက်ရုံနယ်မြေ ဖြစ်သော မှော်ဘီမြို့အနီးရှိ ရပ်ရွာလူထုများ၏ ပြောဆိုချက်များနှင့် ဖြစ်နိုင်ခြေရှိသော ပျက်စီးဆုံးရှုံးနစ်နာမှုများကို အနီးကပ်စောင့်ကြည့်လျက်ရှိပါသည်။ | • ပြောင်းဖူးအခြောက်ခံစက်ရုံသည် ပြောင်းဖူးအရည်အသွေးနှင့် အစားအစာဘေးကင်းရေးတို့ကို မြှင့်တင်ပေးကာ စွန့်ပစ်ပစ္စည်းများကို လျှော့ချပေးခြင်းကြောင့် ပြောင်းစိုက်ပျိုးသူတောင်သူဦးကြီးများအနေဖြင့် ၎င်းတို့၏ကုန်ပစ္စည်းများအတွက် ပိုမိုတန်ဖိုးရှိသော ဈေးနှုန်းများကို ရရှိစေမည်ဖြစ်သည်။<br>• စက်ရုံတည်ဆောက်စဉ်ကာလအတွင်း မြန်မာ့ဩဘာလုပ်ငန်းစုသည် ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ မူဝါဒများနှင့်အညီ လုပ်ကိုင်နိုင်သော ကန်ထရိုက်တာများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည် (စာမျက်နှာ ၃၄ တွင် အသေးစိတ်ကြည့်ရှုနိုင်ပါသည်)။ |
| ကမ္ဘာမြေ | • ဇီဝမြေဩဇာ၏ ထုတ်လုပ်မှုလုပ်ငန်းစဉ်သည် ဓာတုဓာတ်မြေဩဇာများနှင့်နှိုင်းယှဉ်ပါက စွမ်းအင်အသုံးပြုမှု အလွန်နည်းပါးခြင်းကြောင့် ၎င်း၏ကာဗွန်ခြေရာသည်သိသိသာသာနည်းပါးပါသည်။<br>• ဇီဝမြေဩဇာထုတ်လုပ်ခြင်းသည် ဖန်လုံအိမ်ဓာတ်ငွေ့ကို ဖြစ်စေနိုင်သည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ထက် အဆ ၃၀ ပိုမိုပြင်းထန်သော မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်စေနိုင်သော်လည်း မြန်မာ့ဩဘာလုပ်ငန်းစု၏ ထုတ်ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် ဘိုကာရှီ (Bokashi EM) ကို အသုံးပြု၍ အော်ဂဲနစ်စွန့်ပစ်ပစ္စည်းများကို မြေဆွေးပြုလုပ်ခြင်းဖြင့် မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်မှုကို လျှော့ချပေးနိုင်မည်ဖြစ်သည်။ | • အပူဓာတ်ထုတ်လုပ်ရန်အတွက် အဓိကအသုံးပြုမည့် စွမ်းအင်အရင်းအမြစ်မှာ ဇီဝလောင်စာကဲ့သို့ပစ္စည်းများ နှင့် စိုက်ပျိုးရေး ထွက်ကုန်စွန့်ပစ်ပစ္စည်းများ - စပါးခွံ နှင့် လွှစာမှုန့်တို့ဖြစ်ပြီး ၎င်းတို့သည် ထုတ်လုပ်မှုအဆင့်တွင် ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချပေးနိုင်မည်ဖြစ်သည်။<br>• ထို့အပြင် ရှမ်းပြည်နယ်သည် ပြောင်းဖူးအဓိကထုတ်လုပ်သည့် ဒေသဖြစ်သောကြောင့် ဤစက်ရုံသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်တွင် ပြောင်းဖူးများကိုအမြောက်အမြား သယ်ယူပို့ဆောင်နိုင်စေရန် စီမံကာ ထုတ်လုပ်မှုကွင်းဆက်၏ ကာဗွန်ထုတ်လုပ်မှု ပမာဏကိုလည်း အကောင်းဆုံးဖြစ်စေရန် လျှော့ချပေးသွားမည်ဖြစ်သည်။ |
| MMK<br>အကျိုးအမြတ် | • မြန်မာနိုင်ငံတွင် ဇီဝမြေဩဇာများသည် ဓာတုမြေဩဇာများထက် ကုန်ကျစရိတ် သုံးဆနီးပါး ပိုမိုသက်သာပါသည်။ ၎င်းသည် တောင်သူဦးကြီးများအား သီးနှံအထွက်နှုန်း ပိုမိုကောင်းမွန်စေပြီး ကုန်ကျစရိတ်လျှော့ချနိုင်ခြင်းဖြင့် အမြတ်ငွေပိုမိုရရှိစေမည်ဖြစ်ပါသည်။<br>• မြန်မာ့ဩဘာလုပ်ငန်းစုအတွက် ကျွန်ုပ်တို့၏ လတ်တလောတည်ထောင်ထားသော လုပ်ငန်းအသစ်သည် ကျွန်ုပ်တို့၏ ထုတ်ကုန်မျိုးကွဲများကို ပိုမိုကျယ်ပြန့်နိုင်စေမည်ဖြစ်ပြီး ဓာတုပစ္စည်းများ တင်သွင်းရအသုံးပြုရခြင်းအပေါ် မှီခိုမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။ | • မြန်မာ့ဩဘာလုပ်ငန်းစုသည် ရှမ်းပြည်နယ်တွင် အဆင့်မီစက်ရုံအသစ်တည်ဆောက်ရန် ဒေါ်လာသန်းပေါင်းများစွာကို ရင်းနှီးမြှုပ်နှံခဲ့သည်။<br>• မြန်မာ့ဩဘာလုပ်ငန်းစုသည် ဒတ်ချ်ကုမ္ပဏီတစ်ခုနှင့် မိတ်ဖက်အဖြစ် သဘောတူညီမှုရရှိခဲ့ပြီး ၎င်းတို့သည် အခြောက်ခံပြောင်းဖူးထုတ်လုပ်ရန်အတွက် ကျွန်ုပ်တို့၏စက်ရုံကို အသုံးပြုမည်ဖြစ်ကာအဆိုပါထုတ်ကုန်များကို ရည်ရွယ်ချက်အများအပြားအတွက် ပြည်တွင်း၌ဦးစွာအသုံးပြုပြီး ထိုမှတဆင့် ပြည်ပသို့ တင်ပို့ရောင်းချသွားရန် ရည်ရွယ်ထားသည်။ ၎င်းသည် မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးဟန်ချက်ညီမှုကို အပြုသဘောဆောင်သော အားဖြည့်မှုတစ်ရပ်ဖြစ်သည်။ |


# မြန်မာ့သြဘာလုပ်ငန်းစု၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများအား စီမံခန့်ခွဲခြင်း

၂၀၂၄ ခုနှစ်တွင် မြန်မာ့သြဘာလုပ်ငန်းစုသည် ထုတ်ကုန် အမျိုးအစားများ မြှင့်တင်ရန် ထုတ်ကုန်အသစ် ၈၀ မျိုးကို မိတ်ဆက်ခဲ့ပါသည်။ မြန်မာ့သြဘာလုပ်ငန်းစု၏ ထုတ်ကုန်အမျိုးအစားများ စုံလင်မှုသည် တောင်သူဦးကြီးများအား ၎င်းတို့၏သီးနှံများကို ကာကွယ်ပြီး ကြီးထွားစေရန်သာမက အထွက်နှုန်းကောင်းပြီး ဝင်ငွေအများဆုံးရရှိစေရန် အကောင်းဆုံးမျိုးစေ့များကို ရွေးချယ်နိုင်ရန် အထောက်အကူဖြစ်စေပါသည်။

၂၀၂၄ ခုနှစ် တွင် မြန်မာ့သြဘာလုပ်ငန်းစုတွင် ထုတ်ကုန်နှင့်ဖြေရှင်းချက် အမျိုးအစား စုစုပေါင်း ၅၃၁ ခု ရှိသည်။

- မြေဆီသြဇာကောင်းမွန်စေပြီး အပင်များကြီးထွားမှုကိုမြှင့်တင်ပေးနိုင်ရန် တောင်သူဦးကြီးများသည် မြေသြဇာများ (မြန်မာ့သြဘာ ထုတ်ကုန်များ၏ ၂၅ ရာခိုင်နှုန်း) အပေါ် အားထားနေရသည်။
- တောင်သူဦးကြီးများ၏ သီးနှံများကိုအမျိုးမျိုးသော ခြိမ်းခြောက်မှုအန္တရာယ်များထံမှ ကာကွယ်နိုင်ရန် ၎င်းတို့ကိုပိုးသတ်ဆေးများ (insecticides)၊ မှိုသတ်ဆေးများ (fungicides) နှင့် ပေါင်းသတ်ဆေး (herbicides) များ (မြန်မာ့သြဘာထုတ်ကုန်များ၏ ၅၁ ရာခိုင်နှုန်း) ဖြင့် ပံ့ပိုးပေးထားသည်။
- တောင်သူဦးကြီးများအား မတူညီသော အကောင်းဆုံးမျိုးစေ့များကို ရရှိစေနိုင်ရန် မြန်မာ့သြဘာလုပ်ငန်းစုအနေဖြင့် ပြောင်း၊ ဟင်းသီးဟင်းရွက်နှင့်ပဲမျိုးစုံအစရှိသော မျိုးစေ့အမျိုးမျိုး (မြန်မာ့သြဘာ ထုတ်ကုန်များ၏ ၁၄ ရာခိုင်နှုန်း) ကို ထောက်ပံ့ပေးထားသည်။

မြန်မာ့သြဘာလုပ်ငန်းစု၏ ထုတ်ကုန်အမျိုးအစားများ
၃၁ မတ် ၂၀၂၄





# သုတေသနနှင့် ထုတ်လုပ်မှုစွမ်းဆောင်ရည်များတွင် ရင်းနှီးမြှုပ်နှံခြင်း

မြန်မာ့သြဘာလုပ်ငန်းစုသည် ပြီးခဲ့သည့်နှစ်အတွင်း ထုတ်ကုန်ပေါင်းအမျိုး ၈၀ ကျော်ကို ထပ်မံထုတ်လုပ်ခဲ့ပြီး ၎င်းသည် ၂၀၂၀ ခုနှစ် မှ ၂၀၂၃ ခုနှစ်အတွင်း ထုတ်လုပ်ခဲ့သော ထုတ်ကုန်နှင့် ဖြေရှင်းချက်စုစုပေါင်း ၁၀၀ ကျော်နှင့်ယှဉ်လျှင် ပိုမိုများပြားစေခဲ့ပါသည်။

မြန်မာ့သြဘာလုပ်ငန်းစုအနေဖြင့် ထုတ်ကုန်တိုးတက်လာစေရန် တာဝန်ယူထားသည့် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုအပေါ် အားထားနိုင်ပါသည်။ လက်ရှိတွင် ကျွမ်းကျင်ဝန်ထမ်း ၄၀ ဦးမှ ဖော်မြူလာအသစ်များ တီထွင်လျက်ရှိပြီး မြန်မာ့သြဘာလုပ်ငန်းစုသည်

- အထွက်နှုန်းအားကောင်းပြီးထုတ်လုပ်မှု ပိုမိုကောင်းမွန်စေရန်နှင့်
- စိုက်ပျိုးရေးအတွက်အရေးပါသည့် ကျန်းမာသော မြေဆီလွှာနှင့် ရေအရင်းအမြစ်များ စီမံခန့်ခွဲမှုကို မြှင့်တင်ရန်အတွက်နည်းပညာအသစ်များကို စမ်းသပ်နိုင်သော သီးခြားမြေနေရာများလည်း ရှိပါသည်။

အမျိုးအစားအတူ
ထုတ်ကုန်နှင့်ဝန်ဆောင်မှု စုစုပေါင်း







# အရည်အသွေးမြင့်ထုတ်ကုန်များထုတ်လုပ်ခြင်း

မြန်မာ့သြဘာလုပ်ငန်းစု၏ ထုတ်ကုန်နှင့် ဖြေရှင်းချက်များသည် မတူညီသော တာဝန်ရှိအဖွဲ့အစည်းများ၏ ချမှတ်ထားသည့် လိုအပ်ချက်များကို လိုက်နာပြည့်မီရမည် ဖြစ်ပါသည်။ ဥပမာအားဖြင့် မြန်မာ့သြဘာလုပ်ငန်းစု၏ စိုက်ပျိုးရေးသုံးဓာတုပစ္စည်းများသည် FDA ၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် ပြုလုပ်ရမည်။

ရောင်းအဝယ်ပေါင်း ၁၀၀၀ တွင် ရရှိခဲ့သည့် တိုင်ကြားချက်အရေအတွက် စုစုပေါင်း




မြန်မာ့သြဘာလုပ်ငန်းစုသည် ကျွန်ုပ်တို့ဝန်ဆောင်မှုများ၏ အရည်အသွေးများကို အာမခံနိုင်ရန် ဖြန့်ဖြူးသူများနှင့် သုံးစွဲသူများဖြစ်သော တောင်သူဦးကြီးများ၏ တိုင်ကြားချက်များကို ဂရုတစိုက် စောင့်ကြည့်ပြီး မှတ်တမ်းတင်ထားသည်။ ပြီးခဲ့သည့်နှစ်အတွင်း ကျွန်ုပ်တို့သည် ဖြန့်ဖြူးရောင်းချသူများထံမှ တိုင်ကြားချက်ပေါင်း ၁၄၂ ခုကို မှတ်တမ်းတင်ထားခဲ့ပြီး အဆိုပါတိုင်ကြားချက်များအနက် ၆၀% သည် ထောက်ပံ့ပို့ဆောင်ရေးနှင့်သက်ဆိုင်ကာ၊ ၁၉% သည် ထုပ်ပိုးမှုအရည်အသွေးနှင့်သက်ဆိုင်၍၊ ၁၃% သည် အရည်အသွေး၊ ၈% သည် အခြားသောပြဿနာများတို့နှင့် အသီးသီး သက်ဆိုင်ခဲ့ပါသည်။

မြန်မာ့သြဘာလုပ်ငန်းစုအနေဖြင့် ဖြန့်ဖြူးသူများ၏ အရောင်းအဝယ်ပေါင်း ၁,၀၀၀ တွင် တိုင်ကြားချက် ၀.၃၆ နှုန်းဖြင့်သာ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း လေ့လာဆန်းစစ်ချက်များအရတွေ့ရှိရသည်။ အဆိုပါနှုန်းထားသည်၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက တည်ငြိမ်နေဆဲဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရသော် မြန်မာ့သြဘာလုပ်ငန်းစုသည် ကျွန်ုပ်တို့၏ဝန်ဆောင်မှုများနှင့် ထုတ်ကုန်များ၏ အရည်အသွေးကို ထိန်းသိမ်းထားခြင်းအားဖြင့် အရောင်းအဝယ်ပေါင်းများစွာကို ပိုမိုလုပ်ဆောင်နိုင်ခဲ့သည်။ မြန်မာ့သြဘာလုပ်ငန်းစုသည် ဖြန့်ဖြူးသူများ၏ အကြံပြုချက်များကို ဆက်လက်၍ လက်ခံနားထောင်သွားမည်ဖြစ်ပြီး ကျွန်ုပ်တို့၏လုပ်ငန်းလည်ပတ်မှုများကို တိုးတက်စေရန် စဉ်ဆက်မပြတ် ကြိုးပမ်းသွားမည်ဖြစ်ပါသည်။




## ထုတ်ကုန်များအား တာဝန်သိစွာသုံးစွဲနိုင်သည့်အကျင့် ပျိုးထောင်ပေးခြင်း



စိုက်ပျိုးရေးသုံး ဓာတုပစ္စည်းများနှင့် ဓာတ်မြေသြဇာဆိုင်ရာ ထုတ်လုပ်သူနှင့် ဖြန့်ဖြူးသူအနေဖြင့် မြန်မာ့သြဘာလုပ်ငန်းစုသည်တောင်သူဦးကြီးများအား မြန်မာ့သြဘာလုပ်ငန်းစု၏ ထုတ်ကုန်များကို တာဝန်သိစွာ အသုံးပြုနိုင်ရန် လေ့ကျင့်သင်ကြား ပေးရန်လိုအပ်သည်။ ထိုကဲ့သို့ ဖြစ်လာစေရန် မြန်မာ့သြဘာလုပ်ငန်းစုတို့၏ စိုက်ပျိုးရေးပညာရှင်များ အနေဖြင့် နိုင်ငံတစ်ဝှမ်းရှိတောင်သူဦးကြီးများနှင့် ထိတွေ့ဆက်ဆံဖို့ အားထားရသည်။ နိုင်ငံတစ်ဝှမ်းရှိ တောင်သူဦးကြီးများအား လေ့ကျင့်သင်ကြားပေးသော အကြိမ်ရေများကို ၂၀၂၃ ခုနှစ်တွင် ၁,၅၇၃ ကြိမ် ပြုလုပ်ခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် ၃,၉၃၁ ကြိမ်အထိ သိသိသာသာ တိုးမြှင့်နိုင်ခဲ့ပါသည်။ သင်တန်းတစ်ခုလျှင် တောင်သူဦးကြီး အရေအတွက်ကို လျှော့ချကာ သင်တန်းပို့ချသူ နှင့် တက်ရောက်သူများအကြား ပိုမိုထိရောက်သော ဆက်သွယ်မှုများ ရရှိစေရန် အာရုံစိုက်ပြုလုပ်ခဲ့ပါသည်။ ရလဒ်အနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း တောင်သူဦးရေ ၇၄,၈၅၅ ဦး မှ ၂၀၂၄ ခုနှစ်တွင် တောင်သူဦးရေ ၁၂၂,၅၆၀ ဦးအထိ ထိတွေ့ဆက်ဆံခဲ့ပါသည်။ မြန်မာ့သြဘာလုပ်ငန်းစုသည် တောင်သူဦးကြီးများအား ကျွန်ုပ်တို့၏ထုတ်ကုန်များကို ဘေးကင်းလုံခြုံပြီး တာဝန်သိစွာအသုံးပြုနိုင်ရန်လိုအပ်သော အသိပညာများကို ပေးဆောင်နိုင်စေရန်အတွက် ၎င်းတို့နှင့် ဘေးကင်းစွာ ထိတွေ့ဆက်ဆံသွားရန် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ပါသည်။

လယ်သမားများကို ပို့ချခဲ့သည့် သင်တန်းများ၏ တိုးတက်ပြောင်းလဲလာမှု




## ကုန်စည်ထောက်ပံ့ရေးဆိုင်ရာ ကွင်းဆက်၏ ကာဗွန်ခြေရာကို စီမံခြင်း


စိုက်ပျိုးရေးဆိုင်ရာ အစာကွင်းဆက်တစ်ခုလုံးသည် အလင်းဖြင့်အစာချက်လုပ်ခြင်း၊ ဝတ်မှုန်ကူးခြင်း၊ အာဟာရစက်ဝန်း စသော ဂေဟစနစ်များ၏ လုပ်ဆောင်ချက်အပေါ်တွင် မူတည်နေပါသည်။ အဆိုပါဂေဟလုပ်ဆောင်ချက်များသည် တောင်သူဦးကြီး များအတွက် အလွန်အရေးပါလှပြီး တောင်သူဦးကြီးများသည် ရာသီဥတုပြောင်းလဲမှုများ၏ ဆိုးကျိုးများကို အထူးခံစားနေကြရလျက်ရှိပါသည်။ ၂၀၂၄ ခုနှစ်တွင် ရာဂီတိုင်ဖွန်းမုန်တိုင်းကြောင့် မြန်မာ့တောင်သူဦးကြီးများအနေဖြင့် ပြင်းထန်စွာ ထိခိုက်ခံစားခဲ့ရသည်ကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံသည် ၂၀၀၀ ခုနှစ် မှ ၂၀၁၉ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော ရာသီဥတုဖောက်ပြန်မှု၏ ဆိုးကျိုးများကို အများဆုံးခံစားခဲ့ရသော နိုင်ငံများထဲမှ တစ်ခုဖြစ်သည် ဟူသော Germanwatch ၏ တွေ့ရှိချက်များအတိုင်း ထပ်တူထင်ဟပ်နေပါသည်။

ထို့ကြောင့် မြန်မာ့သြဘာလုပ်ငန်းစုသည် ကျွန်ုပ်တို့၏လုပ်ငန်းမှ ထွက်ပေါ်လာသော ကာဗွန်ထုတ်လွှတ်မှုကို အတတ်နိုင်ဆုံးလျှော့ချရန် နှင့် မြန်မာ့တောင်သူဦးကြီးများ ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များကို လိုက်လျောညီထွေဖြစ်စွာ ရင်ဆိုင်နိုင်ရန် အလေးထားလုပ်ဆောင်သင့်သည်ဟု ယုံကြည်ပါသည်။ ထို့ကြောင့် မြန်မာ့သြဘာလုပ်ငန်းစုသည် မြန်မာ့တောင်သူဦးကြီးများကို ပံ့ပိုးနိုင်ရန် အလေးထားအားထုတ်နေသည့် ကုမ္ပဏီလုပ်ငန်းစုဖြစ်သည်နှင့်အညီ ကျွန်ုပ်တို့၏လုပ်ငန်းလည်ပတ်မှုမှ ထွက်ပေါ်လာသော ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချရန်သာမက ကျွန်ုပ်တို့၏ ကုန်စည်ထောက်ပံ့ရေးဆိုင်ရာ ကွင်းဆက်တစ်လျှောက်တွင် ကာဗွန်ထုတ်လွှတ်မှု လျှော့ချနိုင်သော အော်ဂဲနစ် ဓာတ်မြေသြဇာ နှင့် ဇီဝလောင်စာကဲ့သို့ ကာဗွန်ထုတ်လွှတ်မှုအနည်းဆုံးဖြစ်စေသည့် ထုတ်ကုန်နှင့် ဖြေရှင်းချက်များကို စီးပွားဖြစ်ထုတ်လုပ်ရန်အတွက်လည်း ရည်ရွယ်ထားပါသည်(စာမျက်နှာ ၁၉ တွင် အသေးစိတ်ကြည့်ရှုနိုင်ပါသည်)။

မြန်မာ့သြဘာလုပ်ငန်းစုသည် ၂၀၂၃ ခုနှစ်အတွင်း ထုတ်လွှတ်ခဲ့သော ၃,၂၈၃ တန်ချိန်ရှိ ကာဗွန်ဒိုင်အောက်ဆိုဒ် ($CO_2e$) နှင့် ယှဉ်လျှင် ၂၀၂၄ ခုနှစ်တွင် ပိုမိုများပြားသော ၆,၇၂၉ တန်နှင့် ညီမျှသည့် ကာဗွန်ဒိုင်အောက်ဆိုဒ် ($CO_2e$) ကို ထုတ်လွှတ်ခဲ့ပါသည်။ အဘယ်ကြောင့် ထိုကဲ့သို့မြင့်တက်ခဲ့ပါသနည်း။

၂၀၂၄ ခုနှစ်တွင် မြန်မာ့သြဘာလုပ်ငန်းစုသည် လုပ်ငန်းလည်ပတ်ရန်အတွက် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ထုတ်လွှတ်ပေးသော လျှပ်စစ်ဓာတ်အားထက် ကာဗွန်ထုတ်လွှတ်မှု ပိုမိုများပြားသည့် ဒီဇယ်မီးစက်များကို ပိုမိုအားထားခဲ့ရပါသည်။ (၂၀၂၄ ခုနှစ်တွင် ကျွန်ုပ်တို့၏ ဒီဇယ်သုံးစွဲမှုသည် ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၅၇ ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည်။)

၂၃/၂၄ ဘဏ္ဍာရေးနှစ် အတွက် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု




ရလဒ်အနေဖြင့် မြန်မာ့သြဘာလုပ်ငန်းစုသည် ကျွန်ုပ့်တို့ရှိ စက်ရုံများအား လျှပ်စစ်ဓာတ်အားပေးနိုင်ရန်အတွက် ဒီဇယ်မီးစက်များကို အသုံးပြုနေရသည် ဖြစ်သည့်အလျောက် ကျွန်ုပ်တို့၏ Scope 1 ထုတ်လွှတ်မှုများသည် စုစုပေါင်းကာဗွန်ထုတ်လွှတ်မှု၏ ၈၄ ရာခိုင်နှုန်း အထိရှိနေပါသည်။ (မြန်မာ့သြဘာလုပ်ငန်းစု၏ စွမ်းအင်အသုံးပြုမှုဆိုင်ရာ အသေးစိတ်အချက်အလက်များကို စာမျက်နှာ ၃၂ တွင် ကြည့်ရှုနိုင်ပါသည်။) တစ်ဖက်တွင်မူ ကျွန်ုပ်တို့၏ Scope 2 ထုတ်လွှတ်မှုများမှာ စုစုပေါင်း ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု၏ ၁၆ ရာခိုင်နှုန်း သာရှိပါသည်။ မြန်မာ့သြဘာလုပ်ငန်းစုအနေဖြင့် ကျွန်ုပ်တို့၏ ကာဗွန်ထုတ်လွှတ်မှုကို ပိုမိုလျှော့ချရန်အတွက် မတူညီသည့်နည်းလမ်းများကို ရှာဖွေသွားမည်ဖြစ်ပါသည်။